BISHOP DWENGER HIGH SCHOOL သို့ ဝင်ခွင့်လျှောက်ထားရန်

SAINT တစ်ဦး ဖြစ်လာပါစေ။

လျှောက်လွှာတင်ရန် အဆင့်များ

၁။ လိုအပ်သော စာရွက်စာတမ်းများကို စုဆောင်းပါ။

• ပြည်နယ်မှ ထုတ်ပေးထားသော မွေးစာရင်း/မွေးဖွားမှု လက်မှတ် မိတ္တူ။

• လက်ရှိ အတန်းရမှတ်များ — ဘာသာရပ်အားလုံး ပါဝင်ကြောင်း သေချာပါစေ။ ဖုန်းမှ PowerSchool ကို screenshot ရိုက်ထားခြင်းဖြင့် ဘာသာရပ်အားလုံး မပါဝင်နိုင်ပါ။ လက်ရှိ အစီရင်ခံစာကတ် (report card) ကိုလည်း လက်ခံပါသည်။

၂။ ကျောင်းဝက်ဘ်ဆိုက်သို့ သွားပါ။

www.BishopDwenger.com သို့ ဝင်ရောက်ပြီး “Be A Saint, Apply Now” စာမျက်နှာကို ရှာပါ။

လိုအပ်ပါက ထပ်မံတင်ပြရန် —

• အုပ်ထိန်းမှုဆိုင်ရာ စာရွက်စာတမ်းများ။

• ကျောင်းသား၏ IEP/ISP၊ 504/CAP၊ ILP သို့မဟုတ် အခြားပံ့ပိုးမှုအစီအစဉ်။ IEP/ISP ရှိသော ကျောင်းသားများအတွက် Special Education Application ကိုလည်း ထည့်သွင်းပါ။ ၎င်းကို ဝက်ဘ်ဆိုက်ရှိ “Be A Saint, Apply Now” စာမျက်နှာတွင် ရရှိနိုင်ပါသည်။ “Special Ed Application” ကို နှိပ်ပြီး ဖောင်ဖြည့်ကာ BDHS သို့ ပေးပို့ပါ။

၃။ “Apply Now” ကို နှိပ်ပါ။

အွန်လိုင်းလျှောက်လွှာကို “Be A Saint, Apply Now” စာမျက်နှာတွင် ဖြည့်သွင်းနိုင်ပါသည်။

၄။ PowerSchool Portal သို့ ဝင်ပါ။

Portal မှတစ်ဆင့် လျှောက်လွှာကို ဖြည့်စွက်ပြီး တင်သွင်းပါ။

၅။ စာရင်းသွင်းကြေး ပေးသွင်းပါ။

လျှောက်လွှာအဆုံးတွင် တင်သွင်းမီ ပြန်အမ်းမပေးသော စာရင်းသွင်းကြေး $50.00 ကို ပေးသွင်းရပါမည်။

အရေးကြီးသော အချက်အလက်များ

FACTS ကျောင်းလခပေးချေမှုအစီအစဉ် — ပေးချေမှုအစီအစဉ်ကို ရွေးချယ်ပြီးမှသာ လျှောက်လွှာကို အပြီးသတ်ပြီးပြီဟု သတ်မှတ်မည်ဖြစ်သည်။ လျှောက်လွှာတင်ပြီးနောက် ပြည့်စုံမှုကို စစ်ဆေးမည်ဖြစ်ပြီး၊ အစီအစဉ်ရွေးချယ်ရန် link ပါသော အီးမေးလ်ကို လက်ခံရရှိပါမည်။

ငွေကြေးအကူအညီ — FACTS Grant & Aid လျှောက်လွှာနှင့် Bishop Dwenger ပညာသင်ဆုလျှောက်လွှာများကို နွေဦးရာသီတွင် စတင်လက်ခံပါမည်။

အကြံပြုချက် — ဤလျှောက်လွှာကို ဖုန်း သို့မဟုတ် tablet ထက် ကွန်ပျူတာဖြင့် ဖြည့်သွင်းခြင်းက ပိုမိုလွယ်ကူပါသည်။

နောက်ဆုံးတင်သွင်းရမည့်ရက် — ဇန်နဝါရီ ၁၅ ရက် ဖြစ်ပါသည်။ ထိုရက်နောက်ပိုင်း တင်သွင်းသော လျှောက်လွှာများသည် စောင့်ဆိုင်းစာရင်း (wait list) ထဲသို့ ရောက်ရှိနိုင်ပါသည်။ ထိုရက်မတိုင်မီ တင်သွင်းထားသော လျှောက်လွှာများသည် ဖေဖော်ဝါရီလတွင် သင်တန်းရွေးချယ်မှုအတွက် အချိန်မီ ဆက်လက်ဆောင်ရွက်နိုင်ပါမည်။

အသေးစိတ်အချက်အလက်များအတွက် — **www.bishopdwenger.com/be-a-saint-apply-now**

မူရင်း brochure ပေါ်ရှိ QR Code ကို အသုံးပြု၍ မြန်မာ/စပိန်ဘာသာ brochure ကို ဖွင့်ကြည့်နိုင်ပါသည်။

SAINT တစ်ဦး ဖြစ်လာပါစေ။

၈ တန်း ကျောင်းသား/ကျောင်းသူများနှင့် မိဘအုပ်ထိန်းသူများထံသို့၊

ကျွန်ုပ်တို့၏ အနာဂတ် Saints များသည် Bishop Dwenger High School သို့ ပြောင်းရွှေ့တက်ရောက်ရန် ပြင်ဆင်နေကြသည့်အတွက် ရှေ့လာမည့် အခွင့်အလမ်းများနှင့် မျှော်လင့်ချက်များစွာ ပြည့်နှက်နေသော စိတ်လှုပ်ရှားဖွယ် အချိန်ကာလဖြစ်ပါသည်။ ၂၀၃၁ ခုနှစ် အတန်း၏ အဖွဲ့ဝင်တစ်ဦးအနေဖြင့် Dwenger Saint တစ်ဦး ဖြစ်လာရန် စိတ်အား ထက်သန်နေမည်ဟု မျှော်လင့်ပါသည်။ ဤအတွေ့အကြုံကို ယခင်ကျောင်းသား ထောင်ပေါင်းများစွာတို့က ကောင်းချီးမင်္ဂလာအဖြစ် ရရှိခံစားခဲ့ကြပါသည်။ သန့်ရှင်းသော ဝိညာဉ်တော်သည် ကျွန်ုပ်တို့၏ ကျောင်းတွင် အမြဲတည်ရှိနေပြီး Dwenger မိသားစုထဲသို့ သင့်တို့ကို ကြိုဆိုရန် ကျွန်ုပ်တို့ မျှော်လင့်နေပါသည်။

၂၀၂၇-၂၀၂၈ ပညာသင်နှစ်အတွက် လျှောက်လွှာလုပ်ငန်းစဉ်ကို PowerSchool Portal မှတစ်ဆင့် အွန်လိုင်းဖြင့် ဆောင်ရွက်ပါမည်။ ဤစနစ်သည် မိသားစုများအတွက် ပိုမိုအဆင်ပြေစေပြီး နောက်နှစ်များတွင် အချက်အလက်များကို ဆက်လက်အသုံးပြုနိုင်စေပါသည်။ FACTS မှတစ်ဆင့် ကျောင်းလခပေးချေမှုအစီအစဉ်ကိုလည်း ရွေးချယ်နိုင်ပါမည်။ ဤ brochure အတွင်းရှိ အချိန်ဇယား၊ အထူးသဖြင့် လျှောက်လွှာ/ကျောင်းအပ်ခြင်းလုပ်ငန်းစဉ်အတွက် အရေးကြီးသော နောက်ဆုံးရက်ကို သတိပြုပါ။

ကျွန်ုပ်တို့၏ ရည်မှန်းချက်မှာ ကျောင်းသားများ၏ ဝိညာဉ်ရေးရာ၊ ပညာရေးနှင့် လူမှုရေးလိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်နှင့် အခြားသူများကို ဝန်ဆောင်မှုပေးရာတွင် ပါဝင်တန်ဖိုးထားနိုင်မည့် အခွင့်အလမ်းများ ပေးအပ်ရန်ဖြစ်ပါသည်။ ကျောင်းသားများသည် ယုံကြည်ခြင်း၌ ကြီးထွားရန်၊ စာသင်ခန်းအတွင်း စိန်ခေါ်မှုများကို ရင်ဆိုင်ရန်နှင့် သင်ရိုးပြင်ပ ကလပ်များ၊ လှုပ်ရှားမှုများတွင် ပါဝင်ရန် အခွင့်အလမ်းများစွာ ရရှိမည်ဖြစ်သည်။ Bishop Dwenger တွင် မျှော်မှန်းချက်များ မြင့်မားနေဆဲဖြစ်ပြီး၊ ထို့ကြောင့် Bishop Dwenger ဒီပလိုမာသည် တန်ဖိုးမဖြတ်နိုင်ပါ။

သင့် ၈ တန်းကျောင်းသား/ကျောင်းသူ သို့မဟုတ် မိသားစုအနေဖြင့် ကျောင်းဝင်းသို့ လာရောက်လည်ပတ်လိုပါက ကျောင်းသို့ ဆက်သွယ်၍ စီစဉ်နိုင်ပါသည်။ ကျောင်းဝင်းကို လိုက်လံပြသပြီး BD သည် အဘယ်ကြောင့် အထူးကောင်းမွန်သော နေရာဖြစ်သည်ကို မျှဝေခွင့်ရသည့်အတွက် ဝမ်းမြောက်ပါမည်။

လေးစားစွာဖြင့်၊

Jason Schiffli

ကျောင်းအုပ်

အရေးကြီးသော ရက်စွဲများ

ဒီဇင်ဘာ ၁ ရက် — အွန်လိုင်းလျှောက်လွှာ စတင်ဖွင့်လှစ်ခြင်း	PowerSchool Portal မှတစ်ဆင့် အွန်လိုင်းလျှောက်လွှာကို ဒီဇင်ဘာ ၁ ရက် နံနက် ၉:၀၀ နာရီတွင် စတင်ဖွင့်လှစ်ပါမည်။ မိသားစုအားလုံးသည် လျှောက်လွှာနှင့် သက်ဆိုင်ရာစာရွက်စာတမ်းများကို Portal တွင် တင်သွင်းရပါမည်။ လျှောက်လွှာများကို လက်ခံရရှိသည့် အစဉ်အတိုင်း စိစစ်ဆောင်ရွက်ပါမည်။ လျှောက်ထားပုံအဆင့်များကို ဤ brochure ၏ အခြားတစ်ဖက်တွင် ကြည့်ရှုနိုင်ပါသည်။
ဒီဇင်ဘာ ၃ ရက် — ငွေကြေးအကူအညီဆိုင်ရာ ညနေခင်းအစည်းအဝေး	ကျွန်ုပ်တို့၏ Business Office မှ ငွေကြေးအကူအညီ လျှောက်ထားပုံ၊ BD ပညာသင်ဆုအခွင့်အလမ်းများနှင့် Choice Scholarship အကြောင်း ရှင်းပြပါမည်။ ညနေ ၆:၃၀ နာရီတွင် ကျောင်းစာကြည့်တိုက်၌ (တံခါးအမှတ် ၁ မှ ဝင်ပါ) တွေ့ဆုံပါမည်။ အစည်းအဝေးပြီးနောက် PowerPoint ကို BD ဝက်ဘ်ဆိုက်တွင် ရရှိနိုင်ပါမည်။ ကက်သလစ် အထက်တန်းပညာရေးကို မိသားစုများအတွက် တတ်နိုင်စေရန် မည်သို့စီစဉ်နိုင်သည်ကို လာရောက်လေ့လာပါ။
ဇန်နဝါရီ ၁၅ ရက် — လျှောက်လွှာနောက်ဆုံးရက်	လက်ခံခြင်း၊ သတ်မှတ်ချက်ဖြင့် လက်ခံခြင်း သို့မဟုတ် ငြင်းပယ်ခြင်းဆိုင်ရာ စာများကို အချိန်မီပေးပို့နိုင်ရန် လျှောက်လွှာများကို ဇန်နဝါရီ ၁၅ ရက်မတိုင်မီ တင်သွင်းရပါမည်။ ထိုရက်နောက်ပိုင်းတွင်လည်း လျှောက်လွှာများကို လက်ခံသော်လည်း စောင့်ဆိုင်းစာရင်းသို့ ရောက်ရှိနိုင်ပါသည်။
ဖေဖော်ဝါရီလနှောင်းပိုင်း — သင်တန်းရွေးချယ်ရေး ညနေခင်း	ဖေဖော်ဝါရီလနှောင်းပိုင်း သို့မဟုတ် မတ်လအစောပိုင်းတွင် အနာဂတ် Saints များနှင့် မိဘတစ်ဦးအတွက် သင်တန်းရွေးချယ်ရေး ညနေခင်းများကို အကြိမ်များစွာ ကျင်းပပါမည်။ ဒီပလိုမာလမ်းကြောင်းများနှင့် သင်တန်း

များကို ရှင်းပြပြီး ကျောင်းသားများသည် မိမိတို့၏ အချိန်ဇယားအတွက် သင်တန်းများကို ရွေးချယ်ပါမည်။ ဖေဖော်ဝါရီလတွင် ပေးပို့မည့်စာများ၌ မိသားစုအတွက် အဆင်ပြေသော အချိန်ကို ရွေးချယ်စာရင်းပေးရန် QR Code ပါဝင်ပါမည်။

မေလ ၁ ရက် သို့မဟုတ် ၈ ရက် — အဆင့်သတ်မှတ် စာမေးပွဲများ

အတန်းရမှတ်များနှင့် ဆရာ/ဆရာမများ၏ အကြံပြုချက်များအပြင် ကျောင်းသားများကို သင့်လျော်သော သင်တန်းအဆင့်တွင် နေရာချထားနိုင်ရန် အဆင့်သတ်မှတ်စာမေးပွဲ ပြုလုပ်ပါမည်။ BD တွင် အခြေခံဘာသာရပ်များအတွက် အဆင့်အမျိုးမျိုး ရှိပါသည်။ သခ်ၤာ၊ အင်္ဂလိပ်စာနှင့် လိုအပ်ပါက နိုင်ငံခြားဘာသာစကားတို့တွင် စာမေးပွဲဖြေဆိုရပါမည်။ Biology ကဲ့သို့သော အခြားသင်တန်းများအတွက် နေရာချထားမှုကို ကျောင်းသား၏ အင်္ဂလိပ်စာရမှတ်အပေါ် မူတည်၍ ဆုံးဖြတ်ပါမည်။